myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

September 5, 2019 Volume 23, Number 4

**၅.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၄၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၄၃/ကျပ် |
| CBM Rate | = ၁၅၃၅.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၉.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၃.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၄၀.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၅.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၇၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၆၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၁၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ကိုရီးယား-မြန်မာ စီးပွားရေးဖိုရမ်တွင် နှစ်နိုင်ငံအကြား စီးပွားရေး သတင်းအချက်များဖလှယ်ရန် UMFCCI နှင့် Worri Financial Group တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




ကိုရီးယား-မြန်မာ စီးပွားရေးဖိုရမ်တွင် နှစ်နိုင်ငံအကြား စီးပွားရေးသတင်းအချက်များဖလှယ်ရန် UMFCCI နှင့် Worri Financial Group တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှသိရသည်။ မြန်မာ-ကိုရီးယားအတူတကွ အောင်မြင်တိုးတက်ခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းတို့၏ မိတ်ဖက်စီးပွားရေးဖိုရမ်ကို ကိုရီးယားနိုင်ငံ Korea International Trade Association (KITA) နှင့် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) တို့ ပူးပေါင်း၍ စက်တင်ဘာ ၄ ရက်က ရန်ကုန်မြို့ရှိ Lotte ဟိုတယ်၌ကျင်းပခဲ့သည်။ အဆိုပါဖိုရမ်တွင် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် Worri Financial Group မှ Chairman & CEO Mr. Tae Seng Song တို့ ဦးဆောင်၍ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြကြောင်းသိရသည်။ အဆိုပါ နားလည်မှုစာချွန်လွှာတွင် အဖွဲ့အစည်းနှစ်ခုအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ စီးပွားရေးတွေ့ဆုံပွဲများ ပုံမှန်ကျင်းပရန်၊ စီးပွားရေးသတင်းအချက်များဖလှယ်ရန်စသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းပြီး ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်းသိရသည်။

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ကိုရီးယားသမ္မတ၏ သုံးရက်တာခရီးစဉ်အတွင်း ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ချေးငွေဆိုင်ရာ မူဘောင် သဘောတူညီချက်အပါအဝင် နားလည်မှုစာချွန်လွှာငါးခုကို စက်တင်ဘာ ၃ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတတို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲနှင့် စာချုပ်လဲလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်ကိုရီးယားသမ္မတနိုင်ငံသမ္မတတို့ ရှေ့မှောက်၌ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်း

ဆောင်ရွက်မှုအတွက် ချေးငွေဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ကုန်သွယ်ရေးနှင့် စက်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်အတွက် ရန်ကုန်မြို့တွင် သတင်းအချက်အလက်စင်တာတစ်ခု တည်ထောင်ရေး ဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ သဘော်လိုင်း၊ သဘော်ကျင်းအဆင့်မြှင့်တင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆိပ်ကမ်းတည်ဆောက် ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ ထွန်းသစ်စလုပ်ငန်းများနှင့် တီထွင်ဆန်းသစ်ခြင်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကို နှစ်နိုင်ငံတာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြကြောင်းသိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော်၌ကျင်းပသည့် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ ဆွေးနွေးပွဲတွင် သဘောတူညီချက်နှင့်နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်မှုအခြေအနေ၊ ကိုရီးယားခရီးသွားများ ပိုမိုဝင်ရောက်လာသည့်အတွက် ဗီဇာကင်းလွတ်ခွင့်သက်တမ်း တစ်နှစ်ထပ်မံတိုးမြှင့်ပေးခဲ့မှုအခြေအနေ၊ ကိုရီးယားသမ္မတနိုင်ငံ၏ ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုကို ကြိုဆိုထောက်ခံမှုနှင့်ပညာရေးဝန်ကြီးဌာနသို့ ကျောင်းကားအစီး ၆၀ ပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာမွန်ဂျေအင်းက ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ဒီမိုကရေစီ ကြိုးပမ်းဆောင်ရွက်သည့် သမိုင်းကြောင်းတူညီမှု၊ ကိုရီးယားစစ်ပွဲအပြီး မြန်မာနိုင်ငံမှ ဆန်ကူညီပေးအပ်ခဲ့မှုအပေါ် ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးသွားမည့်အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ကိုရီးယား-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စက်မှုဇုန်စီမံကိန်းတွင် ကိုရီးယားစီးပွားရေးလုပ်ငန်းများ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် တိုက်တွန်းပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပြောကြားခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/132616

## ထိုင်းနိုင်ငံအစိုးရအနေဖြင့် ပို့ကုန်မြှင့်တင်ရေး အစီအမံများချမှတ်ရန် သံမိဌာန်ချမှတ်

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ယခုနှစ်လက်ကျန်လများတွင် ပို့ကုန်အလျင်အမြန်တိုးမြှင့်ရန်အတွက် အီရတ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ တူရကီနှင့်နယူးဇီလန်နိုင်ငံများသို့ ပို့ကုန်မြှင့်တင်ရန် ကတိပြုထားပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Jurin က (၂၆.၈.၂၀၁၉)ရက်နေ့တွင် ၎င်းဦးဆောင်ကျင်းပသည့် ကုန်သွယ်ရေးစစ်ပွဲ၏ သက်ရောက်မှုဆိုင်ရာ အစည်းအဝေးတွင် ကုန်သွယ်ရေးစစ်ပွဲမှ ရှောင်ရှားရန်နှင့် ဘတ်ငွေတန်ဖိုးမြင့်တက်မှုအပေါ် ထိုင်းနိုင်ငံအနေဖြင့် အထူးအာရုံစိုက်ရန်ပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် ပုံမှန်ဝယ်လက်များသာမက ကုန်သွယ်ရေးမိတ်ဖက်များကိုပါ အာရုံစိုက်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဟောင်းများအတွက်ဆိုပါက ၂၀၁၆ ခုနှစ်၌ ဆန်အရည်အသွေး ဆိုင်ရာ နိမ့်ကျမှုကြောင့် ပြည်ဆန်ဆင်ပို့မှုရပ်ဆိုင်းခဲ့ရသည့် အီရတ်နိုင်ငံသို့ ဆန်ပြန်လည် တင်ပို့နိုင်ရေးအတွက် အစိုးရအနေဖြင့် Government to Government (G 2 G) ဆောင်ရွက်ပေးသင့်ကြောင်း၊ အီရတ်နိုင်ငံအစိုးရအနေဖြင့် ဆန်ပြန်လည်ဝယ်ယူရန် G 2 G Contract ဖြင့် ဆောင်ရွက်ရန် ထိုင်းနိုင်ငံအစိုးရသို့ အသိပေးထားပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွက် အီရတ်နိုင်ငံနှင့် အရည်အသွေးအာမခံချက်ပါဝင်သော G 2 G ဖြင့်ဆောင်ရွက်နိုင်ရေး စေ့စပ်ဆွေးနွေးရန် ပုဂ္ဂလိကများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။ အီရတ်နိုင်ငံ အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း နှစ်စဉ် ဆန်တန်ချိန် (၇)သိန်းမှ(၈) သိန်းဝယ်ယူခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဆန်ဝယ်ယူမှုတန်ချိန် (၁.၁၁၅)သိန်းသို့ ကျဆင်းခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ဆန်တန်ချိန် (၈၃.၃၅၀)သာ ဝယ်ယူခဲ့ကြောင်း၊ အီရတ်နိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ မည်သည့် ထိုင်းဆန်ကိုမျှ မဝယ်ယူတော့ကြောင်း၊ အကြောင်းမှာ ယခင်ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝတ်ထရာ အစိုးရလက်ထက်တွင် ထိုင်းနိုင်ငံမှ တင်ပို့သော (၁၀၀% )ဆန်ဖြူ(100% White Rice )များမှာ အရည်အသွေးနိမ့်ကျခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၈ ခုနှစ်တွင် အီရတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန၊ သီးနှံဘုတ်အဖွဲ့မှ ဆန်တန်ချိန် (၇၃၅.၅၁၆)ကို အဓိက အားဖြင့် ဗီယက်နမ်၊ ဥရုဂွေး၊ အမေရိကန်၊ အာဂျင်တီးနားနှင့် ပါရာဂွေးတို့မှ တင်သွင်းခဲ့ကြောင်းသိရှိရပါသည်။ အီရတ်နိုင်ငံ အနေဖြင့် ယမန်နှစ်က ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန် (၃၂၀.၂၃၅) ဝယ်ယူခဲ့ပြီး၊ ဥရုဂွေးနိုင်ငံမှ ဆန်တန်ချိန်(၁၈၅.၇၀၇)၊ အမေရိကန်နိုင်ငံမှ ဆန်တန်ချိန်(၁၂၆.၁၃၁)၊ အာဂျင်တီးနားနိုင်ငံမှဆန်တန်ချိန် (၆၃.၀၈၁)၊ ပါရာဂွေးနိုင်ငံမှ ဆန်တန်ချိန် (၃၀.၃၆၂)တို့အား အသီးသီးဝယ်ယူတင်သွင်းခဲ့ကြောင်းသိရှိရပါသည်။

Mr.Jurin က အစိုးရ အနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့် ယခင်အစိုးရလက်ထက်ကချုပ်ဆိုခဲ့သော G 2 G အရ ဆန်တန်ချိန်(၁)သန်းတွင် တင်ပို့ရန်ကျန်နေသော ဆန်တန်ချိန် (၃)သိန်းအား တင်ပို့နိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံအတွက်မူ ဖိလစ်ပိုင်အစိုးရ၏ စပါးဝယ်ယူရေးအတွက် လေလံစနစ်မှ G 2 G စနစ်ဖြင့် ပုဂ္ဂလိကများထံမှ တင်သွင်းရန် ပြောင်းလဲမှုအရ ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးဆိုင်ရာ တွေ့ဆုံ ဆွေးနွေးပွဲများကို ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အလားတူ ဂျပန်နိုင်ငံသို့ဆန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ ဆန်ဝယ်ယူများနှင့် ထိုင်းနိုင်ငံမှတင်သွင်းသည့် ဆန်ကိုတာ (Quota) ပိုမိုရရှိရေး ညှိနှိုင်းဆောင်ရွက်နေကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ လက်ကျန်လများမှာ ပို့ကုန်မြှင့်တင်ရေးအတွက် အကောင်းဆုံး အချိန်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်တောင်ပိုင်းတွင် ဈေးကွက်ရရှိရေးနှင့် အိန္ဒိယ၊ တူရကီနှင့် နယူးဇီလန်တို့တွင် ဈေးကွက်သစ်များ ရရှိရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ ထိုင်းအမျိုးသား သဘော်ာတင်ပို့ရေးကောင်စီမှ ဥက္ကဋ္ဌ Ghanyapad Tantipipatpong က အစိုးရအနေဖြင့် လယ်ယာထွက်ကုန်များ၊ အစားအစာနှင့် ရာဘာထုတ်ကုန်များပိုမို တင်ပို့နိုင်ရန် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဖေါ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းပြောကြားပါသည်။ အစိုးရ၏ လယ်သမားများအတွက် ဈေးနှုန်းအာမခံချက်အစီအမံမှာ အလယ်အလတ်စားနှင့် အောက်ခြေအဆင့် ထုတ်လုပ်သူများအတွက် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ပြည်ပတင်ပို့သူများအနေဖြင့် တိုင်းပြည်၏ပို့ကုန်တင်ပို့မှုအား ယခုနှစ်အတွက် (၀မှ ၁%)ရရှိရန် မျှော်မှန်း ထားကြောင်း၊ အဆိုပါမျှော်မှန်းချက်မှာ ကုန်သွယ်ရေးစစ်ပွဲ၏ ရိုက်ခတ်မှုကိုပါ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ကြောင်း သူမက ပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-ဘန်ကောက်မြို့**

## အိန္ဒိယအစိုးရက ကုန်သွယ်မှု မူဝါဒအသစ်တစ်ရပ်ကို ချမှတ်ရန်ရှိ

အိန္ဒိယအစိုးရသည် လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော နိုင်ငံခြားကုန်သွယ်မှုမူဝါဒကို ပြန်လည်သုံးသပ်မှုများပြုလုပ်ပြီး ၂၀၂၀-၂၀၂၅ ငါးနှစ်တာဘဏ္ဍာရေးကာလအတွက် ပို့ကုန်မြှင့်တင်ရန် အခွင့်အလမ်းများနှင့် လုပ်ငန်းလမ်းညွှန်မှုများကို အထောက်အပံ့ပြုမည့် ကုန်သွယ်မှုမူဝါဒအသစ်တစ်ရပ်ကိုချမှတ်ရန်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦး၏ပြောဆိုချက်ကိုကိုးကားလျက် Economic Times သတင်းဌာနက ရေးသားဖေါ်ပြခဲ့ပါသည်။ အိန္ဒိယ၏ လက်ရှိပြည်ပကုန်သွယ်ရေးမူဝါဒအရ ပြည်တွင်းရှိလုပ်ငန်းရှင်များ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ တင်ပို့မှုကိုမြှင့်တင်ရန်အတွက် ကုန်စည်တင်ပို့မှုဆိုင်ရာ အခွန်သက်သာမှုအခွင့်အရေးပေးအပ်သည့် အစီအစဉ် (MEIS)နှင့် ဝန်ဆောင်မှုပို့ကုန်ဆိုင်ရာ အခွန်သက်သာခွင့်အစီအစဉ် (SEIS)တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် အဆိုပါဆောင်ရွက်ချက်များသည် နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လျော်ညီမှုမရှိကြောင်းဖြင့် အမေရိကန်နိုင်ငံအပါအဝင် အခြားကုန်သွယ်ဘက်နိုင်ငံများ၏ ဝေဖန်ထောက်ပြမှုကိုခံနေရပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)တွင်လည်း ကုန်သွယ်ရေး အငြင်းပွားမှုအမှုကိစ္စများစွာကို ရင်ဆိုင်နေရလျက်ရှိသည်။ သို့ရာတွင် အစိုးရသည် ကမ္ဘာ့ကုန်သွယ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်လိုက်လျောညီထွေရှိပြီး ပို့ကုန်မြှင့်တင်နိုင်ရေး ဆွဲဆောင်နိုင်မည့်နည်းစနစ်များကို ပြောင်းလဲဖော်ဆောင်ရန်ဆောင်ရွက်လျက်ရှိပြီး မကြာသေးမီကာလက ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် ROSCTL scheme ခေါ် ဗဟိုနှင့်ပြည်နယ်အစိုးရများက အခွန်အခများအပေါ် ပြန်လည်ခုနှိမ်သက်သာခွင့်ပြုမည့် ပို့ကုန်မြှင့်တင်ရေးဆွဲဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ကို အစိုးရအဖွဲ့သို့ အဆိုပြုတင်သွင်းခဲ့သည်။ အဆိုပါ အစီအစဉ်သည် လက်ရှိဆောင်ရွက်နေသည့် MEIS အထောက်အပံ့၏နေရာတွင် အစားထိုးမည်ဖြစ်သည်။ လက်ရှိကာလတွင် သယ်ယူပို့ဆောင်ရေး၊ ကိုယ်ပိုင်သုံး လျှပ်စစ်စွမ်းအားထုတ်လုပ်ရေးနှင့် လယ်ယာလုပ်ငန်းကဏ္ဍများတွင် သုံးစွဲသည့် လောင်စာဆီအပေါ်ကျသင့်သော အထူးကုန်စည်ခွန်နှင့် တန်ဖိုးမြှင့်အခွန်၊ လယ်ယာထွက်ကုန်များ ရောင်းဝယ်ဖေါက်ကားမှုအပေါ် ကောက်ခံသည့် Mandi Tax အခွန်၊ လျှပ်စစ်ဓာတ်အားခ၊ ပို့ကုန်ဆိုင်ရာ စာရွက်စာတမ်းအပေါ် ကောက်ခံသော တံဆိပ်ခေါင်းခွန်၊ မှတ်ပုံတင်ထားခြင်းမရှိသော ကုန်စည်ဖြန့်ချိသူများထံမှ ဝယ်ယူမှုများအတွက် ကောက်ခံသည့် အခွန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ကျောက်မီးသွေးအသုံးပြုမှုအပေါ်ကောက်ခံသော ထပ်ဆောင်းအခွန်စသည်တို့မှာ ဗဟိုနှင့်ပြည်နယ် အစိုးရများက ကောက်ခံလျက်ရှိသည့် ပြန်လည်ခုနှိမ်သက်သာခွင့်ပြုထားခြင်းမရှိသော အခွန်အခများဖြစ်ကြသည်။

ပြည်တွင်းရှိ ပို့ကုန်လုပ်ငန်းရှင်များက မူဝါဒအသစ်ချမှတ်ရာတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များအပေါ် အခြေပြုသည့် ပို့ကုန်မြှင့်တင် ရေးဆွဲဆောင်မှုအစီအစဉ်များနှင့် ကုန်စည်အစုအဖွဲ့အလိုက် သီးခြားသတ်မှတ်ဆောင်ရွက်မှုများ ပါဝင်ထည့်သွင်းရန် တောင်းဆိုလျက်ရှိသည်။ စက်မောင်းဆီ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် Mandi Tax ကဲ့သို့ လယ်ယာထွက်ကုန်ရောင်းဝယ်မှုအပေါ် ကောက်ခံသည့်သွယ်ဝိုက်အခွန်အခများအား သက်သာခွင့်ပြုရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖြစ်ထွန်းစေသည့်လုပ်ငန်းများ၌ သက်သာခွင့်များရရှိရေး ၎င်းတို့ကလိုလားလျက်ရှိကြသည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိပြည်ပကုန်သွယ်ရေး မူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလမှာ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့

အထိဖြစ်ပြီး မူဝါဒအသစ်ရေးဆွဲပြုစုခြင်းကို ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ပြည်ပကုန်သွယ်မှုညွှန်ကြားရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လာမည့်စက်တင်ဘာလကုန် သို့မဟုတ် အောက်တိုဘာ လဆန်းပိုင်းတွင် ထုတ်ပြန်နိုင်ဖွယ်ရှိကြောင်းသိရှိရသည်။

**Source: စီးပွားရေးသံမှူး-နယူးဒေလီမြို့**

## ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း သုံးနိုင်ငံဆွေးနွေးမည်

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ရေး ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံအစိုးရဝန်ကြီးများအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Joint Cooperation Committee - JCC) ဆွေးနွေးမှုကို လာမည့်လတွင် နေပြည်တော်၌ ပြုလုပ်မည်ဖြစ်သည်။ ယင်း JCC တွင် ဂျပန်နိုင်ငံက ပထမဦးဆုံးပါဝင်လာမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ထားဝယ်အထူးစီးပွားရေးဇုန်၏ ပင်မစီမံကိန်းတွင် ပါဝင်ကောင်အထည်ဖော်ရန် မြန်မာအစိုးရနှင့်သဘောတူထားပြီးဖြစ်သည်။

**Source:The Myanmar Times**

https://www.facebook.com/kope.aung

## ဝယ်လိုအားများသဖြင့် ပြည်တွင်းရွှေဈေးဆက်တက်



ရွှေဝယ်စုသူများလာခြင်းကြောင့် ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးထက် ပိုမိုမြင့်တက်လာပြီး အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၈၂၀၀၀ အထိရှိလာကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်များကပြောသည်။ ရေကြီးရေလျှံမှုများကြောင့် ရွှေထွက်နည်းချိန်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် တရုတ်မှရွှေတင်သွင်းမှုလျော့ကျခြင်းနှင့် ပြည်တွင်း၌ဝယ်လိုအားများနေခြင်းကြောင့် ရွှေဈေးမြင့်နေခြင်းဖြစ်သည်ဟု မန္တလေးတိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းကပြောသည်။ ဈေးကွက်ထဲမှာ ရွှေကပြောသမျှဈေးနဲ့ဝယ်နေကြတယ်။ လူတွေက ဘဏ်တွေက ကောလဟာလစကားတွေကြောင့် ငွေတွေထုတ်ပြီး ရွှေတွေဝယ်စုနေတယ်။ ဒီလိုဝိုင်းပြီးဝယ်နေလို့ ရွှေဈေးကတက်နေတာဟု ၎င်းကဆိုသည်။ ပြည်တွင်းဝယ်လိုအားသည် ရက်ပိုင်းအတွင်း သိသာစွာမြင့်တက်ခြင်းကြောင့် ယခုကဲ့သို့ ရွှေဈေးဆက်မြင့်တက်နေပြီး ရွှေဈေးကစားမှုများမရှိဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ရွှေဈေးစဖွင့်ရင် ဝယ်မယ့်သူတွေ တန်းစီနေတာပဲ။ ရောင်းမယ့်သူတောင်မရှိသလောက်ဖြစ်နေတယ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ပြည်တွင်းရွှေဈေးသည် စက်တင်ဘာ ၄ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၈၂၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဩဂုတ် ၉ ရက်တွင် ကျပ် ၁၂၂၂၀၀၀ ပေါက်ဈေးရှိခဲ့သည်။ ကမ္ဘာ့ရွှေပေါက်ဈေးထက် တစ်ကျပ်သားလျှင် ကျပ် ၂၀၀၀၀ ခန့်ဖြင့် အမြင့်ဈေး၌ရှိနေသည်။ ဘဏ်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကြားဖြစ်တဲ့ ဂယက်ကြောင့်ပါ။ စိုးရိမ်စရာမရှိပါဘူး။ ဒါကဖြစ်နေကျပဲ။ ကောလာဟလတွေငြိမ်သွားရင် ဈေးပြန်ကျသွားမှာပါဟု တိန်းစိန်ရွှေဆိုင်ပိုင်ရှင်ကိုဖော်အောင်ကပြောသည်။ ရွှေလောကတွင် ဈေးကစားသည့် လုပ်ရပ်များကြောင့် ရွှေဈေးကျပ် ၁၁ သိန်းနှင့် ၁၂ သိန်း ကြားအထိ မြင့်တက်ခဲ့ပြီး ယခုဈေးကစားသည့်လုပ်ရပ်များမရှိတော့ကြောင်း ၎င်းကဆိုသည်။ ကမ္ဘာ့ ရွှေဈေးသည် ဩဂုတ် ၉ ရက်တွင် တစ်အောင်စ ၁၅၁၀ ဒေါ်လာရှိရာမှ ၁၅၃၂ အထိရှိလာသည်။

**Source:** https://7daydaily.com/story/165395

## ဗဟိုဘဏ် ကြေညာချက်ထုတ်ပြီးနောက် တစ်ဒေါ်လာ ၁၅၃၇ ကျပ်ဝန်းကျင်ရောက်

ဘဏ်လုပ်ငန်းများနှင့်ပတ်သက်ပြီး စိုးရိမ်မှုမရှိရန် ဗဟိုဘဏ်ကသတင်းထုတ်ပြန်ပြီးနောက် ပြည်တွင်းငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာသည် စက်တင်ဘာ ၄ ရက်တွင် တစ်ဒေါ်လာ ၁၅၃၇ ကျပ်ခန့်သို့ရောက်ရှိသည်။ ဩဂုတ်

လကုန်က တစ်ဒေါ်လာ ၁၅၂၈ ကျပ်အထိ အမြင့်ဆုံးတက်သော ဒေါ်လာတန်ဖိုးသည် စက်တင်ဘာ ၂ ရက်တွင် ၁,၅၂၇ ကျပ်ဖြင့် ဈေးပိတ်ခဲ့သော်လည်း ဒေါ်လာတန်ဖိုး ထပ်မံမြင့်တက်လာခြင်းဖြစ်သည်။ စက်တင်ဘာ ၃ ရက်တွင် တစ်ဒေါ်လာ ၁၅၃၅ ကျပ်ဖြင့် ဈေးပိတ်ခဲ့ပြီးနောက် ထပ်မံမြင့်တက်လာခြင်းဖြစ်သည်။ ဒေါ်လာဈေးနှင့်ရွှေဈေးမြင့်တက်မှုက ဘဏ်များနှင့် ပတ်သက်သော စိုးရိမ်မှုများကိုအခြေခံပြီး ဈေးကွက်လှုပ်ရှားသည့် အခြေအနေမျိုးဖြစ်လာခြင်းဟု ကမ္ဘောဇရတနာဘဏ် ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာလှညွန့်ကပြောသည်။ ဗဟိုဘဏ်က သတင်းထုတ်ပြန်လိုက်တော့ ပြန်ငြိမ်မှာပါဟု ၎င်း၏ အမြင်ကိုပြောပြသည်။

ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးတက်ခြင်းသည် ဩဂုတ် ၁၅ ရက်က စတင်ပြီး ရှမ်းမြောက် တိုက်ပွဲများကြောင့် မြန်မာ၊ တရုတ်နယ်စပ်ကုန်သွယ်ရေး ရပ်တန့်လုနီးပါးဖြစ်နေပြီး စင်ကာပူ၊ ဟောင်ကောင်နိုင်ငံတို့မှ ဒေါ်လာအဝင်နည်းသဖြင့် ပြည်တွင်းဒေါ်လာရှားသည့် အခြေအနေမျိုးဖြစ်နိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။ စက်တင်ဘာ ၃ ရက် ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းကလည်း တစ်ဒေါ်လာ ၁၅၃၁ ကျပ်သို့ မြင့်တက်လာသည်။ စက်တင်ဘာ ၂ ရက်က တစ်ဒေါ်လာ ၁၅၂၃ ကျပ် သတ်မှတ်ခြင်းကြောင့် တစ်ရက်အတွင်း ရှစ်ကျပ်ခန့်မြင့်တက်သည်။ လက်ရှိဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းက ဈေးကွက်ပေါက်ဈေးနှင့် နီးစပ်စွာဖော်ပြသောနှုန်းထားဖြစ်သည်။

**Source:** https://7daydaily.com/story/165393

## သီလဝါဇုန်အတွင်း ထုတ်လုပ်မှုစတင်နေသည့် ကုမ္ပဏီ ၇၂ ခုအထိ ရှိလာ

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဝင်ရောက်လုပ်ကိုင်ကာ ကုန်ထုတ်လုပ်မှုစတင်နေသည့် ကုမ္ပဏီ ၇၂ ခုအထိ ရှိလာသည်ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီက ထုတ်ပြန်ထားသည်။ သီလဝါသို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန် ကုမ္ပဏီပေါင်း ၁၀၈ ခုက သဘောတူညီ လက်မှတ်ရေးထိုးထားပြီး ကုမ္ပဏီ ၈၂ ခုသည် တည်ဆောက်ရေးလုပ်ငန်း များ ပြီးစီးသည့်အနေအထားသို့ ရောက်ရှိနေပြီးဖြစ်သည်။ ယင်းအနက် ကုမ္ပဏီ ၇၂ က စီးပွားဖြစ်ထုတ်လုပ်မှုများစတင် လုပ်ကိုင်နေလျက်ရှိသည်။ ကုမ္ပဏီ ၁၀၈ ခုက ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလျံကျော် သီလဝါအထူးစီးပွားရေးဇုန် သို့ ဝင်ရောက်ထားသည်။

**Source:** https://myanmar.mmtimes.com/news/127940.html

## နာဂဒေသတွင် မိုးရွာသွန်းမှုနည်းပါး၍ ရာသီအလိုက်သီးနှံများ အထွက်လျော့နိုင်ဟုဆို

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးရွာသွန်းမှုနည်းပါး၍ ရာသီအလိုက်သီးနှံများ အထွက်လျော့နိုင်ကြောင်း လဟယ်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကယ်ကပြောသည်။ နာဂဒေသတွင် နှစ်စဉ်မိုးရာသီ ရွှေ့ပြောင်း တောင်ယာစိုက်ပျိုး ရေးစနစ်ဖြင့် စပါးနှင့်ပြောင်းဖူးကို အများဆုံးစိုက်ပျိုးသော်လည်း ယခုနှစ်မိုးရွာသွန်းမှုနည်းပါး ၍ စိုက်ပျိုးရေလိုအပ်နေကြောင်း လဟယ်မြို့နယ် ဒေသခံတောင်သူများကပြောသည်။ ဒီနှစ် မိုးနည်းတော့သီးနှံ အောင်မြင်မှုလည်းနည်းနိုင်တယ်။ ဒီအချိန်မိုးများများရွာမှ စပါးကကောင်းမှာပေါ့။ တခြားသီးနှံတွေလည်း မိုးရွာလိုက်၊ နေပူလိုက်မှအဆင်ပြေတာ။ မိုးချည်းပဲရွာနေရင်အဆင်မပြေသလို နေချည်းပဲပူနေရင်လည်းအဆင်မပြေဘူး။ တောင်ကုန်း တွေမှာစိုက်တဲ့ တောင်ယာစိုက်ခင်းတွေဆိုတော့လည်း မိုးရွာမှအဆင်ပြေမယ်ဟု ဦးကယ်ကပြောသည်။ လဟယ်မြို့နယ်တွင် ယခု နှစ်မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းသော်လည်း မိုးလယ်၌ မိုးရွာသွန်းမှုနည်းပါးသဖြင့် ရာသီအလိုက် သီးနှံ စိုက်ခင်းများတွင် စိုက်ပျိုးအခက်ကြုံတွေ့ခြင်းဖြစ်ကြောင်း ဦးကယ်ကပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးဦးအောင်မျိုးဦးက နာဂဒေသမှာ မိုးခေါင်တော့ အခုအချိန်စိုက်ရမယ့် သီးနံ့တွေမစိုက်ရဘူးဖြစ်တာပါ။ စိုက်ချိန်နောက်ကျတော့ပုံမှန် စိုက်နေကျသီးနှံတွေ မစိုက်နိုင်ဘဲ တခြား မိုးနည်းသီးနှံတွေ ပြောင်းစိုက်သင့်လည်းစိုက်ရမယ်။ အခုဆိုရင် နာဂမှာ စပါးမစိုက်နိုင်ရင်ပြောင်း (အစေ့ထုတ်ပြောင်း)တွေ ပြောင်းစိုက်ကြပြီဟုပြောသည်။ ယခင်နှစ်များက ရာသီဥတု ပြောင်းလဲခြင်းနှင့် ရောဂါပိုးမွှားကျရောက်ခြင်းကြောင့် ကျေးရွာအချို့တွင် စားနပ်ရိက္ခာအခက်အခဲကြုံတွေ့သဖြင့် အစိုးရကစားနပ်ရိက္ခာထောက်ပံ့သော်လည်း လုံလောက်မှု မရှိကြောင်း ဦးကယ်ကပြောသည်။

**Source:** https://7daydaily.com/story/165394

## နေပြည်တော် ကျောက်မျက်ပြပွဲတွင် တန်ဖိုးမြင့်ကျောက်မျက်အတွဲများ ပြသရောင်းချမည်



စက်တင်ဘာအတွင်း ပြသရောင်းချမည့် ရတနာပြပွဲတွင် ယူရိုသုံးသိန်းခွဲရှိ ကျောက်မျက်တွဲအပါအဝင် တန်ဖိုးမြင့်ကျောက်မျက်အတွဲများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပြန်သည်။ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်ထိပြုလုပ်မည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ နီလာ၊ ပတ္တမြား၊ ပန်းညို့တာနှင့် ပယင်းတို့ ပါဝင်သည့် တန်ဖိုးမြင့်အတွဲ ၁၀ ခု၊ စာရင်းအရ ယူရို ၃၅၅,၀၀၀ တန်ဖိုးရှိ နီလာပွတ်ချော (အလေးချိန် ၆၆ ဒသမ ၈၃ ကရက်) သည် စျေးအမြင့်ဆုံးဖြစ်သည်။ ယင်းနောက် နီလာတာအမည်ရှိ ၅၄ ဒသမ ၁၅ ကရက် (ယူရို ၃၀၀,၀၀၀) မိုင်းရှူးပတ္တမြားရိုင်းနှစ်ပွင့် ၉ ဒသမ ၆၄ ကရက် (ယူရို ၁၈၀,၀၀၀) နှင့် ၁၀ ဒသမ ၃၈ ကရက် (ယူရို ၁၆၀,၀၀၀) တို့ ပါဝင်သည်။ အခုပြပွဲကနေ ယူရိုသန်း ၄၀၀ လောက်ရမယ်လို့ ခန့်မှန်းတယ်ဟု မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးကပြောသည်။ ပြပွဲတွင် ကျောက်စိမ်းတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ကျောက်စိမ်းအရိုင်းတစ်တွဲလျှင် အခြေခံစျေး ယူရို ၅,၀၀၀ နှင့်အထက်သတ်မှတ်ထားပြီး ကျောက်စိမ်းအချောထည်တစ်တွဲလျှင် အခြေခံစျေး ယူရို ၁,၀၀၀ နှင့်အထက် သတ်မှတ်ရောင်းချမည်ဖြစ်သည်။

ယမန်နှစ်က ပြုလုပ်သည့်ပြပွဲတွင် ပုလဲ၊ ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲ ၇,၄၉၁ တွဲ ရောင်းချမှုမှ ယူရို ၄၂၅ သန်းကျော်ရရှိသည်။ ၂၀၁၇ ပြပွဲ၌ ယူရို ၅၁၆ သန်းနှင့် ၂၀၁၆ တွင် ယူရို ၃၂၇ သန်း ရောင်းချခဲ့ရသည်။ နှစ်စဉ်ပြုလုပ်သည့် နှစ်လယ်ကျောက်မျက်ရတနာပြပွဲသည် ယူရိုငွေဖြင့်ရောင်းချပြီး အမေရိကန်၊ တရုတ်၊ ထိုင်းအပါအဝင် ဥရောပနိုင်ငံများမှ ဝယ်ယူမှုအများဆုံးဖြစ်သည်။

**Source:** https://7daydaily.com/story/165398

## ထိုင်းဘတ်ငွေစျေး စံချိန်တင်မြင့်တက်လာခြင်းကြောင့် မြန်မာကျပ်ငွေ လက်ဝယ်ရှိသူများအရှုံးပေါ်

ကမ္ဘာ့ငွေကြေးစျေးကွက်တွင် ဒေါ်လာစျေးနှင့်အပြိုင် ထိုင်းဘတ်ငွေစျေး စံချိန်တင်မြင့်တက်လာခြင်းကြောင့် မြန်မာကျပ်ငွေ လက်ဝယ်ရှိကုန်သည်များ ကျပ်သိန်းများစွာအရှုံးပေါ်ပြီး ထိုင်းကုန်ပစ္စည်းစျေးတက်ခြင်းကြောင့် စားသုံးမှုစျေးကွက်ကို များစွာ ထိခိုက်နေကြောင်းသိရသည်။ မြန်မာ့ကုန်သည်များသည် ထိုင်းကုန်ပစ္စည်းများဝယ်ယူရာတွင် မြန်မာကျပ်ငွေနှင့်ဝယ်ယူ၍မရဘဲ ထိုင်းဘတ်ငွေလဲလှယ်ပြီးမှဝယ်ယူရသည်။ စက်တင်ဘာ ၂ ရက်က မြန်မာကျပ်ငွေ တစ်သိန်းလျှင် ထိုင်းဘတ် ၂၀၃၀ ရရှိခဲ့သော်လည်း စက်တင်ဘာ ၄ ရက်တွင် ဘတ် ၂၀၀၀ အောက်သာရရှိသည့်အတွက် ကျပ်တစ်သိန်းဖိုးဝယ်တိုင်း ကျပ် တစ်ထောင်ကျော် လိုက်ပေးနေရသည်ဟုဆိုသည်။ ကုန်ပစ္စည်းမျိုးစုံ ရောင်းချသူတစ်ဦးက မြန်မာငွေကျပ် သိန်းတစ်ရာဖိုးဝယ်ရင် ကျပ် တစ်သိန်းဝန်းကျင်လိုက်ပေးနေရတော့ နယ်မှလာဝယ်မဲ့ ကုန်သည်တွေတက်မလာဘူး။ မြန်မာငွေလက်ဝယ်ရှိနေသူတွေ အရှုံးပေါ်နေပေမဲ့ ဘတ်ငွေကိုင်ထားသူတွေအမြတ်ပေါ်ပါတယ်ဟု ပြောကြားသည်။ ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းတစ်မယ်လျှင် တစ်ပတ်အတွင်း ကျပ်တစ်ထောင်ကျော် မြင့်တက်သွားကြောင်းသိရသည်။

မြဝတီမြို့ ငွေကြေးစျေးကွက်ရပ်ဝန်းတွင် စက်တင်ဘာ ၄ ရက် ထိုင်းဘတ်ငွေပေါက်စျေးမှာ ကျပ် တစ်သိန်းလျှင် ၂၀၀၀ ဘတ် (ဘတ်ယူလျှင် ၁၉၉၀ ဘတ်) ( ဘတ် ၁၀၀ = ကျပ် ၅၀၀၀) ၊ တစ်ဒေါ်လာလျှင် ကျပ် ၁၅၄၀နှင့် မြန်မာ့ရွှေစျေးမှာ တစ်ကျပ်သားလျှင် ကျပ် ၁၂၇၀၀၀၀ ပေါက်စျေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပုံမှန်အားဖြင့် လကုန်ရက် ဘတ်စျေးကျတတ်သော်လည်း ယခုလတွင် ဘတ်စျေးထပ်တက်နေသည့်အတွက် မြန်မာ့ရွှေ့ပြောင်းလုပ်သားများမှာလည်း ယခင်ထက် နေရပ်ပြန်ပို့ငွေများလာသည်ဟုဆိုသည်။ ထိုင်းနိုင်ငံ မဟာချိုင်လစခွဲတွင် ကားရေဆေးလုပ်ငန်း လုပ်ငန်းခွင်က လုပ်သားတစ်ဦးဖြစ်တဲ့ ကိုလှရွှေက ဘတ်စျေးတက်နေတဲ့အတွက် ယခင်လတွေထက် ပိုလွှဲနိုင်ပါတယ်။ လစာမတိုးပေမဲ့ မြန်မာကျပ်ငွေပိုရတဲ့အတွက် မိသားစုကို ပိုလွှဲနိုင်ပါတယ်ဟုပြောကြားသည်။ မြဝတီမြို့ ယုဇနလမ်းရှိ ဂျပန်ကြီးစတိုးပိုင်ရှင် ဒေါ်စန်းစန်းအေးက ဘတ်ငွေစျေး မြင့်တက်လာတဲ့အတွက် မြန်မာ့ပို့ကုန်၊ ရောင်းကုန်လုပ်ငန်းရှင်တွေအတွက် အကျိုးရှိပေမဲ့ ထိုင်းကုန်ပစ္စည်းတွေကို အများ အပြားသုံးစွဲနေရတဲ့ မြဝတီမြို့လုပ်ငန်းရှင်တွေ၊ စားသုံးသူပြည်သူတွေအနေနဲ့ များစွာအခက်အခဲရှိပါတယ်။ ယခင်နှစ်ကနဲ့ ယှဉ်ရင် ထက်ဝက်နီးပါးမြင့်တက်သွားပါတယ်။ ငွေစျေး တည်တည်ငြိမ်ငြိမ်ဖြစ်စေချင်ပါတယ်ဟု ပြောကြားသည်။

**Source:** https://news-eleven.com/article/132587

## မန္တလေးတိုင်းတွင် ကြက်သားပေါက်စျေးမြင့်တက်၊ ကြက်သားစျေးကျဆင်း

မန္တလေးတိုင်းဒေသကြီးတွင် ကြက်သားပေါက်စျေးနှင့်ကြက်စာစျေးမြင့်တက်ပြီး အသားစားကြက်များကို ဖားကန့်နှင့် ရှမ်းမြောက်ဘက်သို့ တင်ပို့နိုင်ခြင်းမရှိသောကြောင့် ကြက်သားစျေးကွက်ကျဆင်းနေ၍ ကြက်မွေးမြူရေးလုပ်ငန်းရှင်များ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း ၎င်းတို့ထံမှသိရသည်။ ကြက်သားစျေးကျလျှင် ကြက်သားပေါက် စျေးကျဆင်းရမည် ဖြစ်သော်လည်း လက်ရှိတွင် ကြက်သားပေါက်ရောင်းချသူများက စျေးကိုင်ထိန်းချုပ်မှုများရှိနေသဖြင့် ကြက်မွေးမြူသူများ အရှုံးပေါ်နေသည်ဟုသိရသည်။ မိုးရွာတာများသလို ရှမ်းမြောက်မှာလည်း ပြဿနာတွေနဲ့၊ အောက်ပိုင်းမှာလည်း ရေကြီးနေတော့ ကုန်စည်စီးဆင်းမှုမရှိလို့ ကြက်သားစျေးကျသွားတယ်။ အသားစားကြက်ဆိုတာ ပုံမှန်ဥတက်ရမယ်၊ ထုတ်ရမယ်။ အဲဒီမှာ ပုံမှန် မထုတ်နိုင်တော့ စျေးနှုန်းတွေကျဆင်းသွားတာပေါ့ဟု မြန်မာနိုင်ငံကြက်မွေးမြူရေးအသင်းဒုဥက္ကဋ္ဌ ဒေါက်တာနေသူရိန်က ပြောဆိုသည်။

လက်ရှိတွင် ကြက်သားပေါက်စျေးမှာ တစ်ကောင်လျှင် ကျပ် ၈၀၀ ဝန်းကျင်ရှိရာ စျေးနှုန်းမြင့်မားနေပြီး ထုတ်လုပ်မှုစရိတ်မှာ တစ်ပိဿာ ကျပ် ၂၇၀၀ ဝန်းကျင်ရှိနေသောကြောင့် အသားစားကြက်ရောင်းချရသည့် စျေးကွက်တွင် ကြက်သား တစ်ပိဿာလျှင် ပြီးခဲ့သည့် ဇွန်လက ကျပ် ၅၀၀၀ ဝန်းကျင်ရှိခဲ့ရာက လက်ရှိပေါက်စျေးမှာ ကျပ် ၂၄၀၀ ဝန်းကျင် သာ ရှိတော့သဖြင့် ကြက်မွေးမြူရေးလုပ်ကိုင်သူများအရှုံးနှင့်ရင်ဆိုင်နေရသည်။ အထက်ပိုင်းမှာ မိုးရွာတာများပြီး ရေကြီး တာ တွေကြောင့် ကြက်ဝယ်တဲ့သူတွေ ဆင်းမလာဘူး။ လမ်းပိုင်းကလည်းမကောင်းဘူး။ အရင်ဆုံး စျေးကျခဲ့တာက အဲဒီဘက်က စတာပဲ။ ရွှေဘိုမှာ ကြက်သားတွေပုံနေတော့ စျေးကျသွားတယ်။ မိုးကုတ်က ကြက်ဝယ်သူတွေလည်း ဆင်းမလာကြဘူး။ ကျွန်တော့်ဆီက ရာခိုင်နှုန်း ၄၀ လောက် ဖားကန့်၊ မိုးကုတ်ဘက်ဖြန့်တယ်။ ဝယ်လိုအား ရောင်းလိုအားမမျှဘူးပေါ့ဟု ရွှေဘိုမှ အသားစားကြက်များ ရောင်းချဖြန့်ဖြူးသူ ကိုဟိန်းမင်းဇော်ကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/127904.html

## ရွှေဘိုပေါ်ဆန်းကို Geographical Indication-GI ရရှိရေး သုံးနှစ်အတွင်းကြိုးပမ်းဆောင်ရွက်သွားမည်

ရွှေဘိုပေါ်ဆန်းမွှေးကို ပထဝီဒေသဆိုင်ရာအညွှန်း(GI) ရရှိရေးအတွက် သုံးနှစ်အတွင်းကြိုးပမ်းဆောင်ရွက် သွားမည် ဖြစ်ကြောင်း ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးကျော်သူသောင်းစိန်က ပြောသည်။ ကျွန်တော်တို့ဒေသက ဘယ်တိုင်းနဲ့ပြည်နယ်မှာမ□မပိုင်တဲ့ ရေမြေရာသီဥတုပိုင်ဆိုင်ထားတယ်။ မြန်မာနိုင်ငံမှာ ရွှေဘိုပေါ်ဆန်းကို GI လုပ်မယ်ဆိုတဲ့ ကုန်ပစ္စည်းအမျိုးအစားတွေအများကြီးရှိတယ်။ နောက်ဆုံး ဆန်ခါတင် ရွေးချယ်ခံရတဲ့ အထဲမှာ ရွှေဘိုပေါ်ဆန်းအပါအဝင် ငါးမျိုးရွေးချယ်ခံရတယ်။ GI ရရှိဖို့ဆိုရင် တောင်သူတွေအပေါ်မှာလည်းအခြေခံပါတယ်။ GI ရရှိဖို့ မျိုးစေ့ထုတ်မျိုးပွားရပါမယ်။ မျိုးစေ့ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုဖွဲ့စည်းတာ အခုဆိုရင် အသင်းသား တွေများလာပါပြီ။ လာမယ့်နှစ်မှာလည်း မျိုးစေ့ထုတ်ဖို့ရှိတယ်ဟု ၎င်းကပြောသည်။

ရွှေဘိုပေါ်ဆန်းမွှေးဆန်ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ မူပိုင်ခွင့်လျှောက်ထားနိုင်ရန်အတွက် သမိုင်း ကြောင်း ပြုစုရေး၊ မြန်မာနိုင်ငံဒေသထွက်ကုန်များ၏ ပထဝီဒေသဆိုင်ရာအညွှန်း (GI) စာရင်းတွင် ဦးစွာပထမ ပါဝင်ခွင့်ရရှိရန် လုပ်ဆောင်နိုင်မည့်အဖွဲ့အစည်းများစုစည်းရေး၊ မျိုးရိုးဗီဇနှင့်အရည်အသွေးများရရှိစေရန် တောင်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းသိရသည်။ စားသုံးသူရေးရာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက စစ်ကိုင်းတိုင်းရဲ့အားသာချက်က မျိုးစေ့ထုတ်တဲ့သူတွေများလာတယ်။ အခု ဒီပဲယင်းမှာဆိုရင်လည်း ရွှေဘိုပေါ်ဆန်းတင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းဆောင်ရွက်နေတာတွေ့တယ်။ ဒီအသင်း ကနေ ဆက်ပြီးတော့ ရွှေဘိုပေါ်ဆန်းကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ဖို့လုပ်သွားရမှာဖြစ်တယ်ဟုပြောသည်။

ပေါ်ဆန်းစပါးကို ယခင်က ရေဝတီမြစ်ဝှကျွန်းပေါ်ဒေသများတွင် အများအပြားစိုက်ပျိုးသော်လည်း ယခုအခါ မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိသည်။ နှစ်စဉ် စိုက်ဧကပေါင်း ၁၃သိန်းခန့်ရှိကြောင်း သိရသည်။ ပေါ်ဆန်းမွှေး အမျိုးအစားများမှာ နေရာဒေသအလိုက်နှင့် ပန်းပွင့်သည့် ရာသီအလိုက် အချိန်ကာလအပေါ် မူတည်၍ ရေဝတီပေါ်ဆန်း၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းကြီး၊ ပေါ်ဆန်းဘေးကြား၊ ပုသိမ်တောင်ပျံ၊ တောင်ပျံအဝါ၊ ဘေးကြားလေးစသည်ဖြင့် အမျိုးအမည် သတ်မှတ်ချက်များရှိနေသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2419644984787650?__tn__=K-R

## ဥရောပသို့ ရေထွက်ကုန်တင်ပို့ ခွင့်ရလာသည့် စက်ရုံ ၂၅ ခုအထိရှိလာ

ဥရောပနိုင်ငံများသို့ အရည်အသွေးသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ရေထွက်ကုန်ပစ္စည်းတင်ပို့ခွင့်ရလာသည့် စက်ရုံပေါင်း ၂၅ ခုအထိ ရှိလာပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှသတင်းရရှိသည်။ တင်ပို့ခွင့်ရရှိပြီးလည်း ခြောက်လကျော် ကြာတဲ့အထိ တင်ပို့ရေးအပိုင်းတွေမလုပ်ရင် ထုတ်ပယ်ခံရမှာဖြစ်တယ်။ ဇွန်လအထဲထိ တင်ပို့ခွင့်ရတဲ့ စက်ရုံ ၂၃ ရုံပဲ ရှိတာ။ အခု ရန်ကုန်နဲ့ရခိုင်ပြည်နယ် သံတွဲမှာရှိတဲ့ စက်ရုံ နှစ်ခု ထပ်တိုးလာတာဖြစ်တယ်ဟု ငါးလုပ်ငန်းဦးစီးဌာန ပြည်ပပို့ကုန် အရည်အသွေးစစ်ဆေးရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ကပြောသည်။ ဥရောပသို့ မြန်မာ့ရေထွက်ကုန်များ တင်ပို့ရန် ဈေးကွက်ရှိနေသော်လည်း အရည်အသွေးနှင့်ကိုက်ညီအောင် ထုတ်လုပ်သည့်စက်ရုံနည်းပါးခြင်း၊ လိုအပ်ချက်နှင့် အမီ ထုတ်လုပ်နိုင်မှုအားနည်းနေသည့် အခက်အခဲများ ရှိနေကြောင်းသိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဂင်းကြိုင်က သူတို့လိုချင်တာ တီလာပီးယား၊ ဘနားမီးတို့ဆိုပေမယ့် ဒီကမတင်ပို့နိုင် သေးဘူး။ သူတို့လိုချင်တဲ့ ကုန်စည်ဆိုရင် ရအောင်မွေးမြူထုတ်လုပ်ပေးနိုင်မှ လုပ်ငန်းတွေတိုးတက်လာမှာပါ။ လိုအပ်ချက်နဲ့ လျော်ညီတဲ့ ရေထွက်ကုန်အများကြီး မပို့နိုင်သေးဘူးဟုပြောသည်။ လက်ရှိတွင် EU နိုင်ငံများကို မွေးမြူရေးငါး/ ပုဇွန်များ တင်ပို့ခွင့်ရရှိနေသော်လည်း မြန်မာနိုင်ငံတွင်ရှိသည့် ငါး၊ ပုဇွန်မွေးမြူသူများအနေဖြင့် ဥရောပသမဂ္ဂနိုင်ငံများမှ သတ်မှတ် ထားသည့် စည်းကမ်းချက်များနှင့်အညီဖြစ်စေရေး၊ ၎င်းတို့လိုလားသည့် မွေးမြူရေးထွက်ကုန်ဖြစ်စေရေးနှင့် ရေထွက်ကုန် ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက်လည်း ရေးကြီးသည့်အတွက်ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ်စနစ်ကို အကောင်အထည်ဖော်နေကြောင်းသိရသည်။

လက်ရှိတွင် EU နိုင်ငံများသို့ မြန်မာ့ရေထွက်ပို့ကုန်တန်ချိန် ၁၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၂၀ ကျော်သာ ရရှိထားကြောင်းသိရသည်။ မြန်မာ့ရေထွက်ကုန်များကို ၂၀၁၈ ခုနှစ်မှစ၍ စတင်တင်ပို့ခဲ့ခြင်းဖြစ်ပြီး၊ တရုတ်၊ ထိုင်း၊ ဆော်ဒီ၊ ဂျပန်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး၊ ပြည်ပငါးတင်ပို့မှုတွင် ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့် ငါးအမျိုးအစားပေါင်း ၂၀ ကျော်ကို တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2419571378128344?__tn__=K-R

## ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ စီးပွားရေးပူးပေါင်း လှည်းကူးမြို့နယ် ညောင်နှစ်ပင်၌ စက်မှုဇုန်တည်ထောင်

ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင်ဒေသ၌ ကိုရီးယား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖြစ် ကိုရီယား-- မြန်မာစက်မှုဇုန်စီမံကိန်းကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ Lotte Hotel ရှိ Crystal Ballrom တွင်ကျင်းပသည့် စက်မှုဇုန်စတင်တည်ထောင်ခြင်းအခမ်းအနား၌ ကြေညာခဲ့သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာမွန်ဂျေအင်း၊ ဇနီးမစ္စစ်ကင်မ် ဂျောင်းဆုနှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အစိုးရတာဝန်ရှိသူများ တက်ရောက်ကြပြီး စက်မှုမြို့တော်စီမံကိန်းစတင်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

မြန်မာ-ကိုရီးယားစက်မှုဇုန်စီမံကိန်းအောင်မြင်စေရန် အကူအညီများပေးအပ်သော ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်းနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၊ စက်မှုဇုန်တည်ထောင်နိုင်ရေးပံ့ပိုးပေးသော ကိုရီးယားသမ္မတနိုင်ငံ မြေယာနှင့် အိုးအိမ်ကော်ပိုရေးရှင်း၊ သီးခြားသက်ဆိုင်ရာအဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရာတွင် အဓိကအားဖြင့် ထုတ်လုပ်မှုနှင့်အခြေခံအဆောက်အအုံကဏ္ဍများတွင် ရင်းနှီး မြှုပ်နှံကြခြင်းဖြစ်ပြီး အသိပညာ၊ အတတ်ပညာ၊ နည်းပညာများလွှဲပြောင်းပေးနိုင်ပြီး မိမိတို့နိုင်ငံသားများအတွက် ပိုမိုကောင်းမွန်မှုပေးသော လူမှုစီးပွားဘဝကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။ Korea-Myanmar Industrial Complex (ကိုရီယား-မြန်မာစက်မှုမြို့တော်စီမံကိန်း) ကို ၂၀၂၄ ခုနှစ်တွင် အပြီးတည်ဆောက် သွားမည်ဖြစ်ပြီး အနည်းဆုံးအမေရိကန်ဒေါ်လာသန်း ၁၀၀၀ ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## နည်းပညာအလုပ်အကိုင် ၂၀ ရာခိုင်နှုန်းမြင့်တက်ခဲ့တဲ့ စင်ကာပူ

စင်ကာပူနိုင်ငံရှိ နည်းပညာအလုပ်အကိုင်များသည် လွန်ခဲ့သော ၁၂ လက ၂၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ မိုက်ကယ်ပေ့ချ် (Michael Page) မှ ထုတ်ပြန်သော ၂၀၁၉ ခုနှစ် လစာအခြေခံစံနှုန်း အစီရင်ခံစာကိုကိုးကား၍ စထရိတ်တိုင်းမ်သတင်းတွင်ဖော်ပြသည်။ အထူးသဖြင့် စင်ကာပူတွင်အီးကောမတ်အထူးပြု၊ ဒစ်ဂျစ်တယ်မားကက်တင်းနှင့်ဒေတာသိပ္ပံပညာစသည့်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအတွက် အလုပ်အကိုင်လို အပ်ချက်မြင့်မားခဲ့သည်။ သို့ရာတွင် နည်းပညာတိုးတက်မှုတစ်ဟုန်ထိုးမြင့်တက်လာမည်ဟု တွက်ဆထားသည့်အတွက် ကုမ္ပဏီများက ဒစ်ဂျစ်တယ်မဟာဗျူဟာကို အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်မည့် ခေါင်းဆောင်များကို ရှာဖွေလျက်ရှိသော်လည်း ပညာရှင်များရှားပါးလျက်ရှိသည်။

အစီရင်ခံစာအရ နည်းပညာကဏ္ဍတွင် လစာအများဆုံးရသောအလုပ်အကိုင်မှာ နည်းပညာအရာရှိချုပ် (Chief technology officer) ဖြစ်ပြီး ပျမ်းမျှလစာမှာ တစ်လစင်ကာပူဒေါ်လာ ၂၂၀၀၀ ဖြစ်သည်။ နောက်ကလိုက်နေသော အလုပ်မှာ အိုင်တီဒါရိုက်တာ သို့မဟုတ် အိုင်တီလုံခြုံရေးဖြစ်ပြီး ပျမ်းမျှလစာ တစ်လလျှင် စင်ကာပူဒေါ်လာ ၁၈၀၀၀ ရရှိသည်။ တစ်ချိန်တည်းမှာ ဒစ်ဂျစ်တယ်ကဏ္ဍ၌ အီးကောမတ်ဒါရိုက်တာ၏ ပျမ်းမျှလစာမှာ စင်ကာပူဒေါ်လာ ၂၃၀၀၀ ရှိပြီး ဒစ်ဂျစ်တယ်မားကက်တင်း ဒါရိုက်တာလစာမှာ တစ်လပျမ်းမျှ စင်ကာပူဒေါ်လာ ၁၈၀၀၀ ရှိသည်။

ဝက်ဘ်ဆိုက်လေ့လာဆန်းစစ်ရေးလုပ်ငန်းများဖြစ်သည့် SEO (ဆပ်ချ်အင်ဂျင် စီမံခန့်ခွဲသူ) သို့မဟုတ် SEM (ဆပ် အင်ဂျင်ဖြင့် မားကက်တင်းဆောင်ရွက်သူ) တို့၏လစာမှာ တစ်လကိုပျမ်းမျှ ဒင်ကာပူဒေါ်လာ ၉၆၀၀ ရှိကြောင်း ယင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

**Source:** SFJ Strategy First Journal

https://www.facebook.com/SFJWeekly/posts/2637240789696530?__tn__=K-R

## မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စား




မလေးရှားစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံရှိကဏ္ဍအများအပြားတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း မလေးရှား-မြန်မာ စီးပွားရေးအသင်းဥက္ကဋ္ဌ Mr Gilbert Lee က ပြောသည်။ မြန်မာနိုင်ငံတွင်း စီးပွားရေးတိုးတက်မှုအလားအလာ လေ့လာသုံးသပ်ရန်နှင့် လမ်းဖွင့်ပေးရန် မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို ပြည်တွင်းသို့ ခေါ်ဆောင်လာရန် ရည်ရွယ်ကာ Malaysia-Myanmar Connect (MMC) 2019 ဖိုရမ်ကို ဩဂုတ် ၃၀ ရက်က ရန်ကုန်တွင်ကျင်းပခဲ့သည်။ ယင်းဖိုရမ်ကို မလေးရှားနိုင်ငံမှ ကုမ္ပဏီ ၁၀၀ ကျော်နှင့် လုပ်ငန်းရှင် ၁၅၀ ကျော် တက်ရောက်ခဲ့ပြီး မလေးရှား စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များကြား နားလည်မှုစာချွန်လွှာနှစ်ခုကို လက်မှတ်ရေးထိုး နိုင်ခဲ့သည်။ မလေးရှားလုပ်ငန်းရှင်တွေက ကဏ္ဍတော်တော်များများမှာ ရင်းနှီးမြှုပ်နှံဖို့စိတ်ဝင်စားပါတယ်။ အထူးသဖြင့်တော့ နည်းပညာပိုင်း၊ ဆောက်လုပ်ရေးအပိုင်း၊ ကုန်ထုတ်လုပ်မှုအပိုင်း၊ ဝန်ဆောင်မှုအပိုင်းတွေမှာ ပိုပြီးတော့စိတ်ဝင်စားမှုရှိတယ်။ နောက်ပြီး စိုက်ပျိုးရေးအခြေခံတဲ့ စီးပွားရေးလုပ်ငန်းပိုင်းတွေမှာလည်း စိတ်ဝင်စားမှုရှိတာကိုတွေ့ရပါတယ်ဟု ၄င်းက ပြောသည်။ လက်ရှိ မြန်မာနိုင်ငံအတွင်း မလေးရှားနိုင်ငံမှ အလှကုန်ထုတ်ကုန်များ၊ လျှပ်စစ်ပစ္စည်းထုတ်ကုန်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ထုတ်ကုန်များစွာကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နေပြီး ဝန်ဆောင်မှုကဏ္ဍတွင်လည်း မလေးရှားသည် အင်ဂျင်နီယာနှင့်ဒီဇိုင်းလုပ်ငန်းပိုင်းတွင် များစွာလုပ်ဆောင်နေသည်။ ဝန်ဆောင်မှုကဏ္ဍတွင်လည်း ယခုထက် ပိုပြီး ချဲ့ထွင်ရန် အလားအလာများတွေ့နေရသည်ဟု Mr Gilbert Lee က ပြောသည်။ Axiata, Berjaya, ENRA, Maybank, Muhibbah Engineering, Nissan Tan Chong, Petronas and Texchem ကုမ္ပဏီတွေအပါအဝင် မလေးရှားစီးပွားရေးလုပ်ငန်း တော်တော်များများ ဒီနိုင်ငံမှာရှိနေပါပြီ၊ ဒီတော့ မြန်မာနိုင်ငံမှာ အဲဒီလုပ်ငန်းတွေနဲ့ချိတ်ဆက်ပြီး ဆောင်ရွက်သွားဖို့ ကျွန်တော်တို့မျှော်လင့်တယ်ဟု မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ် Mr.Zahairi Baharim က ပြောသည်။

မလေးရှား မြန်မာစီးပွားရေးကုန်သည်ကြီးများအသင်း (MMBC) သည် မလေးရှားနိုင်ငံ၏ဝန်ကြီးဌာနများ၊ ကုန်သွယ်ရေး အဖွဲ့အစည်းများနှင့်အတူပူးပေါင်းကာ မြန်မာနိုင်ငံကို မလေးရှားကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ရွေးချယ်မှု တစ်ရပ်ဖြစ်ရန် မြှင့်တင်အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ပတ်သက်ပြီး နိုင်ငံရဲ့ ပြင်ပမှာရရှိတဲ့ သတင်းအချက်အလက်နဲ့ နိုင်ငံတွင်းမှာရရှိနိုင်တဲ့ သတင်းအချက်အလက်တွေဟာ အတော်ကွာခြားတာကိုတွေ့ရတယ်။

မြန်မာနိုင်ငံကိုလာပြီးတော့ ကိုယ်တိုင်လေ့လာမယ်ဆိုရင် မြန်မာနိုင်ငံက သတင်းအချက်အလက်နဲ့အခြေအနေမှန်တွေကို သိရှိနိုင်ပါလိမ့်မယ်ဟု Mr Gilbert Lee က ပြောသည်။ နှစ်နိုင်ငံကြား အပြန်အလှန်ဆက်ဆံရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆက်လက်တိုးမြှင့်ရန်၊ မလေးရှားနိုင်ငံကို အဓိကကုန်သွယ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ ရေနံနှင့် ဓာတ်ငွေ့ရှာဖွေတူးဖော်ရေး၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ စွမ်းအင်၊ အိုင်တီ၊ ကုန်ထုတ်လုပ်မှု၊ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း ကြိုဆိုသည်ဟု နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်း မလေးရှားရင်းနှီးမြှုပ်နှံမှုသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အများဆုံးဖြစ်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဟိုတယ်နှင့်ခရီးသွား၊ အိမ်ခြံမြေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံထားသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်၊ ဇူလိုင်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနစာရင်းများအရ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁,၈၆၃ ဒသမ ၁၂၄ သန်းရှိပြီး မြန်မာနိုင်ငံတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ထိပ်တန်း ၁၀ နိုင်ငံထဲတွင်ပါဝင်သည်။

**Source:** https://myanmar.mmtimes.com/business.html

## STOCK EXCHANGE (5.9.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 637 | 7,339,500 | 27,112,747 | 311,797 |
| MTSH | 00002 | 4,300 | +100 | +2.38% | 4,200 | 4,300 | 4,200 | 25,390 | 106,752,500 | 38,929,150 | 167,395 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 16 | 134,400 | 10,400,986 | 87,368 |
| FPB | 00004 | 25,000 | +0 | +0.00% | 25,000 | 25,000 | 25,000 | 902 | 22,550,000 | 2,472,053 | 61,801 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 337 | 1,027,850 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 487.45 | -7.06 | -1.43% | 484.61 | 494.51 | 484.61 | 27,282 | 137,804,250 | 5 | 667,472 |

**Index chart**



# Market Overview

As of 1:00 pm, 5th Sep. 2019

| MYANPIX | 487.45 |
|---|---|
| | ▼ 7.06 |
| Total Volume (shares) | 27,282 |
| Total Value (MMK) | 138 mil |
| Listed Company | 5 |
| Market Cap. (MMK) | 667,472 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,300 | ▲ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |

TIR